ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၈ )    ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | ပြင်ဆင်မှုအာဏာများ။ | ၂ |
| ၂။ | ကယ်လီဖိုးနီးယားပြည်နယ် မြို့တော်ဝန်သည် AI နှင့်ပတ်သက်၍ သမိုင်းတွင်စေမည့်ဥပဒေမူကြမ်းတစ်ခုကို လက်မှတ်ရေးထိုးခြင်း။ | ၃ - ၅ |
| ၃။ | စင်ကာပူနိုင်ငံတွင် အွန်လိုင်းဘေးကင်းလုံခြုံရေးဥပဒေသစ်စတင်ဆွေးနွေးခြင်း။ | ၆ - ၈ |
| ၄။ | အရီဇိုးနားပြည်နယ်၏ ရာဇဝတ်မှုဆိုင်ရာရှေ့နေများအတွက် စဉ်းစားရမည့် လမ်းကြောင်းသစ်။ | ၉-၁၁ |
| ၅။ | စင်ကာပူနိုင်ငံတွင် လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်ကျခံရန် ပြစ်ဒဏ်ချမှတ်ခံရသည့်အမျိုးသမီးအား အယူခံတရားရုံးမှ ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် လူသတ်မှုမမြောက်သည့်လူသေမှုဖြင့် ထောင်ဒဏ် ၁၇ နှစ်သို့ ပြောင်းလဲချမှတ်ခြင်း။ | ၁၂ - ၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၈ )    ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်

## ပြင်ဆင်မှုအာဏာများ

ပြင်ဆင်မှုဆိုသည်မှာ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၂(ဆ) နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂(ဃ)တို့ အရ တရားရုံးတစ်ရုံးကချမှတ်သည့်စီရင်ချက် သို့မဟုတ် အမိန့်ကို ပြင်ဆင်မှု စီရင်ပိုင်ခွင့်ရှိသောတရားရုံးက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ရန် ဖွင့်လှစ်သည့်အမှုဖြစ်ပါသည်။

ပြင်ဆင်မှုအာဏာများနှင့်စပ်လျဉ်းသည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၄ မှ ၄၄၂ ထိ ပြဋ္ဌာန်းချက်များအရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၄ သည် တရားလွှတ်တော်က မူလစီရင်ပိုင်ခွင့် အာဏာကိုသုံးစွဲလျက်ရှိစဉ် ပေါ်ပေါက်လာသောပြဿနာများကို သီးသန့်ထားနိုင်ခွင့်အာဏာဖြစ်ခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ သည် အောက်တရားရုံး၏အမှုတွဲများကို တောင်းခေါ်နိုင်ခွင့်အာဏာ ဖြစ်ခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ သည် စုံစမ်းစစ်ဆေးရန် အမိန့်ချမှတ်နိုင်ခွင့်အာဏာ ဖြစ်ခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ သည် လွှဲအပ်တင်ပို့စေရန် အမိန့်ချမှတ်နိုင်ခွင့်အာဏာ ဖြစ်ခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ သည် တရားလွှတ်တော်၏ပြင်ဆင်မှုအာဏာများဖြစ်ခြင်းတို့ ဖြစ်ပါသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉(၁) သည် ပြစ်ဒဏ်တိုးမြှင့်နိုင်မှုဖြစ်ခြင်း၊ ပုဒ်မခွဲ (၂) သည် တရားခံကိုဖြစ်စေ၊ ၎င်း၏ရှေ့နေကိုဖြစ်စေ ထုချေခွင့်မပေးဘဲ အမိန့်မချမှတ်ရခြင်း၊ ပုဒ်မခွဲ (၃) သည် ပုဒ်မခွဲ (၃၊ ၄) မှအပ တရားရုံးကချမှတ်ခဲ့သည့်ပြစ်ဒဏ်ဖြစ်လျှင် ပြစ်ဒဏ်ကို ပထမတန်းအာဏာရ တရားသူကြီးအာဏာထက် မပိုစေရခြင်း၊ ပုဒ်မခွဲ (၄) သည် ပုဒ်မ ၂၇၃ (အတည်မပြုနိုင်သည့်စွဲချက် များအပေါ် မှတ်ချက်ရေးသားခြင်းနှင့်အကျိုး)နှင့်ဖြစ်စေ၊ တရားသေလွှတ်မိန့်နှင့်ဖြစ်စေ မသက်ဆိုင်ခြင်း၊ ပုဒ်မခွဲ (၅) သည် အယူခံဝင်နိုင်ပါလျက်ပြင်ဆင်မှုတင်ပါက လက်မခံရခြင်း၊ ပုဒ်မခွဲ(၆)သည် တရားခံက မိမိအပေါ်ပြစ်ဒဏ်မတိုးသင့်ကြောင်းထုချေခွင့်ရှိသည့်အပြင် ပြစ်ဒဏ်မချသင့်ကြောင်း တင်ပြခွင့်ရှိခြင်းတို့ ဖြစ်ကြောင်း သိရှိရပါသည်။

ပြစ်မှုဆိုင်ရာအယူခံ၊ပြင်ဆင်စိစစ်ရေးဌာနခွဲ

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

## ကယ်လီဖိုးနီးယားပြည်နယ် မြို့တော်ဝန်သည် AI နှင့်ပတ်သက်၍ သမိုင်းတွင်စေမည့် ဥပဒေမူကြမ်းတစ်ခုကို လက်မှတ်ရေးထိုးခြင်း

ကယ်လီဖိုးနီးယားပြည်နယ်မြို့တော်ဝန် Gavin Newson သည် AI နည်းပညာတီထွင်သူများ အတွက် ကာကွယ်ရေးအတားအဆီးများဖန်တီးခြင်းဖြင့် အွန်လိုင်းလုံခြုံရေးမြှင့်တင်ရန်ရည်ရွယ်သည့် ဥပဒေကြမ်းအသစ်တစ်ရပ်ကို ၂၉-၉-၂၀၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

အထက်လွှတ်တော်ဥပဒေကြမ်းအမှတ် ၅၃ သို့မဟုတ် Transparency in Frontier Artificial Intelligence Act (TFAIA) ဟု သိကြသည့်ဥပဒေ၏ရည်ရွယ်ချက်မှာ အင်တာနက်အသုံးပြုသူများ၏ လွတ်လပ်ခွင့်နှင့်လုံခြုံရေးကိုကာကွယ်ရန်ဖြစ်ပြီး နည်းပညာအသစ်များဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် ဖြစ်ကြောင်း၊ ဤဥပဒေက AI ကုမ္ပဏီများအား “Frontier AI” အတားအဆီးနှင့်ရင်ဆိုင်ရသည့်အခါ ၎င်းတို့အသုံးပြုသော လုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို အများပြည်သူထံ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ AI တွက်ချက်မှုတစ်ခုကိုပြီးမြောက်ရန် ကြီးမားသောစွမ်းအားပမာဏ လိုအပ်သည့်အခါ ကုမ္ပဏီများသည် ထို “Frontier AI” အတားအဆီးကို ရင်ဆိုင်ရမည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ထုံးလုပ်နည်းများသည် အွန်လိုင်းအသုံးပြု၍ အကြီးစားခိုးယူခြင်းကဲ့သို့သော ဖျက်ဆီးရေး လုပ်ငန်းစဉ်များမှကာကွယ်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

အထက်လွှတ်တော်ဥပဒေကြမ်းအမှတ် ၅၃ သို့မဟုတ် Transparency in Frontier Artificial Intelligence Act (TFAIA) တွင် ထိပ်တန်းအဆင့် AI နည်းပညာတီထွင်သူများအနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲရေးဆိုင်ရာကြီးမားသောဆုံးရှုံးနိုင်ခြေများအား မည်သို့လျှော့ချသည်ကို ရှင်းလင်းဖော်ပြထား သော Frontier AI မူဘောင်များအား အများပြည်သူသို့ ပွင့်လင်းမြင်သာစွာထုတ်ပြန်ပေးရမည် ဖြစ်ကြောင်း၊ နည်းပညာတီထွင်သူများအနေဖြင့် အရေးပေါ်ဘေးကင်းလုံခြုံရေးနှင့် မတော်တဆ ဖြစ်မှုများကို ကယ်လီဖိုးနီးယားပြည်နယ် အရေးပေါ်ဝန်ဆောင်မှုရုံးသို့ ၁၅ ရက်အတွင်း အစီရင်ခံ တင်ပြရမည်ဖြစ်ပြီး ချက်ချင်း ထိခိုက်နိုင်ခြေရှိသည်ဟုသတ်မှတ်ပါက ဥပဒေအာဏာပိုင်အဖွဲ့ထံသို့

၂၄ နာရီအတွင်း အသိပေးရမည်ဖြစ်ကြောင်း၊ ကယ်လီဖိုးနီးယားပြည်နယ် ရှေ့နေချုပ်ရုံးအနေဖြင့် မှုခင်းဖော်ထုတ်သတင်းပေးသူများ သို့မဟုတ် သက်သေများအား အကာအကွယ်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဥပဒေချိုးဖောက်သူများအား ကယ်လီဖိုးနီးယားပြည်နယ် ရှေ့နေချုပ်ရုံးမှ အရေးယူဆောင်ရွက်ရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက အမေရိကန်ဒေါ်လာ ၁ သန်း အထိ ငွေဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

Gavin Newson သည် ကြေညာချက်တစ်စောင်တွင် "ကယ်လီဖိုးနီးယားပြည်နယ်သည် ကျွန်ုပ်တို့လူ့အဖွဲ့အစည်းကိုကာကွယ်ရန် စည်းမျဉ်းများချမှတ်နိုင်သည်နှင့်အမျှ ကြီးထွားလာသည့် AI လုပ်ငန်းသည်လည်း ရှင်သန်စွာဆက်လက်တိုးတက်နိုင်စေရန် သေချာစေမှုကို သက်သေပြနိုင်ခဲ့ကြောင်း၊ ဤဥပဒေကြမ်းသည် ဟန်ချက်ညီမှုကိုရရှိစေကြောင်းနှင့် AI သည် ဆန်းသစ်တီထွင်မှု၏ Frontier နယ်ပယ်အသစ်တစ်ခုဖြစ်ပြီး နည်းပညာများ အရှိန်အဟုန်ဖြင့် ပြောင်းလဲနေချိန်တွင် ကယ်လီဖိုးနီးယားသည် ပြည်သူ့ယုံကြည်မှုကို တည်ဆောက်ပေးသည့် ပထမဆုံးသောနိုင်ငံအတွင်း Frontier AI လုံခြုံရေးဥပဒေကိုပြဋ္ဌာန်းခြင်းဖြင့် နိုင်ငံအတွင်းဦးဆောင်သူအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခြင်းဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

အသစ်ပြဋ္ဌာန်းလိုက်သောဤဥပဒေသည် မျှော်မှန်းထားသည့်အတိုင်း AI ကုမ္ပဏီများ၏ ကန့်ကွက်ဆန္ဒပြမှုကို ရင်ဆိုင်ခဲ့ရပါကြောင်း၊ ကုမ္ပဏီအများအပြားက AI ဆိုင်ရာဥပဒေပြုမှုသည် ဖက်ဒရယ်အဆင့်တွင်သာ ဆောင်ရွက်သင့်သည်ဟု ပြောဆိုခဲ့ကြကြောင်း၊ ဤကြေညာချက်သည် ကယ်လီဖိုးနီးယားပြည်နယ်အား AI နည်းပညာ၌ ကမ္ဘာတွင်ဦးဆောင်သူဖြစ်စေရန် ပြည်နယ် မြို့တော်ဝန် Gavin Newson ၏ ယခင်ကတည်းက ထုတ်ဖော်ပြောဆိုခဲ့သည့်ရည်မှန်းချက်နှင့် ကိုက်ညီမှုရှိပါကြောင်း၊ ဤနှစ်အစောပိုင်းတွင် Gavin Newson သည် ကယ်လီဖိုးနီးယားရှိ AI ဆိုင်ရာ အစီရင်ခံစာတစ်စောင်ပြုစုရန် AI နည်းပညာတီထွင်သူများအား တောင်းဆိုခဲ့ကြောင်း၊ အဆိုပါ အစီရင်ခံစာသည်ကျင့်ဝတ်နှင့်အညီ တာဝန်ယူမှုရှိသော AI နယ်ပယ်တွင် နိုင်ငံအတွင်း ဦးဆောင်သူ

အဖြစ် ကယ်လီဖိုးနီးယား၏ထိပ်တန်းအဆင့်တွင် အခိုင်အမာရပ်တည်နေစေရန် အကူအညီဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/09/california-governor-signs-into-law-historic-ai-bill/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၃ ) အမှတ် ( ၂၈ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်

## စင်ကာပူတွင် အွန်လိုင်းဘေးကင်းလုံခြုံရေး ဥပဒေသစ်စတင်ဆွေးနွေးခြင်း

ဒီဂျစ်တယ်ခေတ်၌ လူအများ၏နေ့စဉ်ဘဝတွင် အင်တာနက်၏အရေးပါမှုမြင့်မားလာသည်နှင့်အမျှ အွန်လိုင်းဘေးအန္တရာယ်များလည်း များပြားလာပါသည်။ ထိုသို့သောအခြေအနေကို ကိုင်တွယ်ဖြေရှင်းရန်အတွက် စင်ကာပူအစိုးရသည် အွန်လိုင်းဘေးကင်းလုံခြုံရေးဥပဒေကြမ်း (Online Safety (Relief and Accountability) ("OSRA") Bill) ကို အောက်တိုဘာလ ၁၅ ရက်နေ့၌ ပါလီမန်သို့ တင်သွင်းဆွေးနွေးခဲ့ပါသည်။ OSRA ဥပဒေကြမ်းသည် အွန်လိုင်းဘေးအန္တရာယ်ကျူးလွန်ခံရသူများအား ပိုမိုကာကွယ်ပေးရန်နှင့် ၎င်းတို့အတွက် တရားဝင်သက်သာခွင့်များရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

OSRA ဥပဒေကြမ်းကို ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီးဌာန (The Ministry of Digital Development and Information (MDDI)) နှင့် ဥပဒေရေးရာဝန်ကြီးဌာန Ministry of Law (MinLaw) တို့မှ ပူးပေါင်းတင်သွင်းခြင်းဖြစ်ပြီး၊ အွန်လိုင်းဘေးအန္တရာယ်များမှ စင်ကာပူနိုင်ငံသားများကိုကာကွယ်ရန်နှင့် ကျူးလွန်ခံရသူများအား အချိန်နှင့်တစ်ပြေးညီ သက်သာခွင့်များရရှိစေရန် ဖြစ်ပါသည်။ အဆိုပါဥပဒေကြမ်းသည် အွန်လိုင်းလုံခြုံရေးဆိုင်ရာ တည်ဆဲဥပဒေများကို ပိုမိုပြည့်စုံစေရေးအတွက် ဖြည့်စွက်ပေးမည့်အပြင် အွန်လိုင်းဘေးအန္တရာယ်များကိုတားဆီးကာကွယ်မှုများ ပိုမိုအားကောင်းစေရေးအတွက် အစိုးရ၏ကြိုးပမ်းမှုတစ်ရပ်လည်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်များအရ စင်ကာပူနိုင်ငံသား ၈၄% ခန့်သည် အွန်လိုင်းတွင်ဘေးဖြစ်စေနိုင်သောအကြောင်းအရာများနှင့်ကြုံတွေ့ဖူးပြီး၊ ၃၃% မှာ လွန်ခဲ့သောတစ်နှစ်အတွင်း အွန်လိုင်းဘေးဖြစ်စေနိုင်သောအပြုအမူများကို ကြုံတွေ့ခဲ့ရပါသည်။ အဆိုပါဘေးအန္တရာယ်များတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်စော်ကားမှုများနှင့် အကြမ်းဖက်မှုဆိုင်ရာအကြောင်းအရာများ၊ ဆိုက်ဘာစော်ကားမှုများနှင့် လူမျိုးရေး သို့မဟုတ် ဘာသာရေးတင်းမာမှုကို လှုံ့ဆော်သည့်အကြောင်းအရာများ ပါဝင်ပါသည်။

OSRA ဥပဒေကြမ်းတွင် အွန်လိုင်းလုံခြုံရေးကော်မရှင် (Online Safety Commission (OSC)) အသစ်ထူထောင်ခြင်း၊ ဥပဒေအရနစ်နာမှုအတွက် တရားစွဲဆိုနိုင်ခြင်းကို (Statutory Torts) မိတ်ဆက်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများ၏တာဝန်ခံမှုကိုမြှင့်တင်ခြင်းဟူ၍ အဓိကပြုပြင်ပြောင်းလဲမှု သုံးရပ်ပါဝင်ပါသည်။

အွန်လိုင်းလုံခြုံရေးကော်မရှင်(OSC)သည် ကျူးလွန်ခံရသူများမှတိုင်ကြားလာသော အွန်လိုင်းဘေးအန္တရာယ်များကို လက်ခံဆောင်ရွက်ပေးမည့်သီးသန့်အေဂျင်စီတစ်ခုဖြစ်ပါသည်။ OSC သည် ဘေးဖြစ်စေနိုင်သောအကြောင်းအရာများကိုဖယ်ရှားရန်၊ ပြစ်မှုကျူးလွန်သူ၏အကောင့်ကို ကန့်သတ်ရန် သို့မဟုတ် ကျူးလွန်ခံရသူအားတုံ့ပြန်ခွင့်ပြုရန်စသည့် ညွှန်ကြားချက်များထုတ်ပြန်နိုင်စွမ်းရှိပါသည်။ ညွှန်ကြားချက်များကိုမလိုက်နာပါက ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါသည်။ ထိုသို့သောအခြေအနေမျိုးတွင် OSC သည် အွန်လိုင်းအန္တရာယ်ကို ရပ်တန့်ရန်အတွက် ဝင်ရောက်ခွင့်ပိတ်ပင်ခြင်းအမိန့် သို့မဟုတ် အက်ပ်(APP)ဖယ်ရှားရေးအမိန့်ကဲ့သို့သော ထပ်ဆောင်းအစီအမံများကိုလည်း ဆောင်ရွက်နိုင်ပါသည်။

ဥပဒေအရနစ်နာမှုအတွက်တရားစွဲဆိုနိုင်ခြင်း (Statutory Torts) သည် အွန်လိုင်းဘေးအန္တရာယ်များအတွက်တာဝန်ရှိသည့် ဆက်သွယ်ပြောဆိုသူများ(Communicators)၊ အွန်လိုင်းစီမံခန့်ခွဲသူများ (Administrators) နှင့် ပလက်ဖောင်းများ (Platforms) ကို ကျူးလွန်ခံရသူများမှ တရားရုံးတွင်တရားစွဲဆိုနိုင်ရန် တရားဝင်ဥပဒေကိုဖန်တီးပေးခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် ကျူးလွန်ခံရသူများအနေဖြင့် လျော်ကြေးငွေ သို့မဟုတ် တားမြစ်ချက်များရရှိနိုင်မည်ဖြစ်ပါသည်။

ပြစ်မှုကျူးလွန်သူများ၏တာဝန်ခံမှုကိုမြှင့်တင်ခြင်းအနေဖြင့် အွန်လိုင်းအမည်မသိဖြင့် ပြစ်မှုကျူးလွန်သူများကိုခွဲခြားသတ်မှတ်နိုင်စေရန် OSC အား ပလက်ဖောင်းများထံမှ သံသယရှိသူများ၏ အထောက်အထားစိစစ်ချက်များကို တောင်းဆိုခွင့်ပြုထားပါသည်။ ကျူးလွန်ခံရသူများသည် တရားစွဲဆိုမှုပြုလုပ်ရန် ဤအချက်အလက်များကို တောင်းဆိုသုံးစွဲနိုင်မည်ဖြစ်ပါသည်။

OSRA ဥပဒေကြမ်းသည် စင်ကာပူ၏အွန်လိုင်းပတ်ဝန်းကျင်ကိုပိုမိုဘေးကင်းစေရန် ရည်ရွယ်သည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါသည်။ ကျူးလွန်ခံရသူများအားသက်သာခွင့်များရရှိရန် ဆောင်ရွက်ပေးခြင်းနှင့် ပြစ်မှုကျူးလွန်သူများအား တာဝန်ခံစေခြင်းအားဖြင့် ဤဥပဒေသည် လူတိုင်းအတွက် ပိုမိုလုံခြုံပြီး ပွင့်လင်းသောဒီဂျစ်တယ်နေရာတစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ဤဥပဒေကြမ်းကို လာမည့် ပါလီမန်အစည်းအဝေးတွင် ဒုတိယအကြိမ်ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ<br>
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.mlaw.gov.sg/proposed-new-law-to-empower-victims-of-online-harms-to-seek-timely-relief-and-obtain-redress/

## အရီဇိုးနားပြည်နယ်၏ရာဇဝတ်မှုဆိုင်ရာရှေ့နေများအတွက် စဉ်းစားရမည့်လမ်းကြောင်းသစ်

အရီဇိုးနားပြည်နယ်တွင် သုံးနှစ်တာ Juris Doctor (J.D.) ဘွဲ့ကို မပြီးမြောက်သေးသော ပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် တရားဝင်လိုင်စင်အမျိုးအစားအသစ်ကိုထုတ်ပေးနိုင်ရေး အဆိုပြုချက်တစ်ခုကို လက်ခံစဉ်းစားလျက်ရှိပါသည်။ အရီဇိုးနားပြည်နယ်တရားရုံးချုပ်က အဆင့်မြှင့်တင်ခဲ့သည့် အစီအစဉ်အရသတ်မှတ်ချက်များပြည့်စုံပြီးနောက် သေဒဏ်ချမှတ်နိုင်သည့်အမှုများမှလွဲ၍ လူပုဂ္ဂိုလ်တစ်ဦးအား ရာဇဝတ်မှုဆိုင်ရာဥပဒေကိုကျင့်သုံးရန်ခွင့်ပြုမည်ဖြစ်သည်။ အဆိုပါသတ်မှတ်ချက်များတွင် B အဆင့် သို့မဟုတ် ထိုအဆင့်ထက်ပိုမိုကောင်းမွန်သော Master of Legal Studies (MLS) တစ်နှစ်သင်တန်းကို ပြီးမြောက်ခြင်း၊ အထူးပြုလိုင်စင်စာမေးပွဲကို အောင်မြင်ခြင်းနှင့် လိုင်စင်ရရှေ့နေ၏ ကြီးကြပ်မှုအောက်တွင် ကိုးလကြာတာဝန်ထမ်းဆောင်ခြင်းတို့ပါဝင်ပါသည်။

တရားရုံးများစီမံခန့်ခွဲရေးရုံး၏ ဒါရိုက်တာ Dave Byers ၏ အဆိုအရ ဤလုပ်ဆောင်မှုသည် အရီဇိုးနားပြည်နယ်သည် အခြားပြည်နယ်အားလုံးနီးပါးထက် တစ်ဦးချင်းရှေ့နေအရေအတွက် နည်းပါးသည့် “ဥပဒေရေးရာဝန်ဆောင်မှုနည်းပါးခြင်း” ဖြစ်သည်ဟူသောအချက်ကို တုံ့ပြန်ခြင်းဖြစ်သည်။ သူ၏ဖော်ပြချက်အရ အထူးသဖြင့် JD ဘွဲ့ရများလက်တွေ့ဆောင်ရွက်မှုနည်းပါးသော ကျေးလက်ဒေသများတွင် ဝန်ထမ်းအင်အားနည်းပါးသော ပြည်သူ့ကာကွယ်ရေးနှင့် ခရိုင်ရှေ့နေရုံးခန်းများတွင် လုပ်ငန်းတာဝန်ဆောင်ရွက်ရန် အထူးရည်ရွယ်ပါကြောင်း၊ သို့သော် ကြီးကြပ်မှုကာလပြီးဆုံးသည်နှင့် တစ်ပြိုင်နက် MLS သတ်မှတ်ခံရသူများသည် ၎င်းတို့ဆန္ဒရှိသည့်နေရာတိုင်းတွင် ရာဇဝတ်မှုဆိုင်ရာကိစ္စများကို လွတ်လပ်စွာ ကိုင်တွယ်နိုင်မည်ဖြစ်ကြောင်း Byers က အသိအမှတ်ပြုခဲ့သည်။

အဆိုပါအဆိုပြုချက်အားထောက်ခံမှုသာမက ပြင်းထန်သောဆန့်ကျင်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရပါသည်။ ကျေးလက်အစိုးရရှေ့နေများသည် ရာဇဝတ်မှုဥပဒေဘာသာရပ်ဆိုင်ရာ ဥပဒေပညာမဟာဘွဲ့ပရိုဂရမ်အတွက်ထောက်ခံမှုကို ပြသခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် လူထုထောက်ခံသူအများအပြားသည် သက်ဆိုင်သူများထံ ပထမဆုံးအကြောင်းကြားပြီးကတည်းက ကန့်ကွက်ခဲ့ကြ

ပါသည်။ Pima County အတွက် အများပြည်သူကာကွယ်ရေးဝန်ဆောင်မှုများကိုဦးဆောင်သူ Dean Brault က ယင်းအဆိုပြုချက်(အဓိပ္ပါယ်မဲ့အယူအဆ)ကိုအတည်ပြုပါက မိမိတို့ရုံးသည် ပါဝင်ပတ်သက်သူများကို ငှားရမ်းခြင်း သို့မဟုတ် ကြီးကြပ်ခြင်းပြုမည်မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။

Dean Brault က “တစ်နှစ်သင်တန်းသည် သတ်မှတ်ထားသည့်အနည်းဆုံးအဆင့်ထက် သိသိသာသာကျဆင်းစေမည်ကိုစိုးရိမ်ကြောင်း”ထုတ်ဖော်ပြောကြားခဲ့သည်။ Pima County ရှေ့နေဖြစ်သော Laura Conover သည် ထောင်ဒဏ် ၂၅ နှစ်မှ တစ်သက်တစ်ကျွန်းဒဏ်ချမှတ်နိုင်သည့် အလားအလာရှိသောအမှုတစ်ခုအတွက် "လေ့ကျင့်သင်ကြားမှုနည်းသော၊ အသိပညာနည်းသော၊ လေ့လာသင်ယူဆဲဖြစ်သောရှေ့နေ"များအတွက် လက်ခံနိုင်သော်လည်း အမွေခွဲဝေမှုနှင့်စပ်လျဉ်း၍ အပြည့်အဝလေ့ကျင့်သင်ကြားထားသောရှေ့နေတစ်ဦးဖြစ်ရန် လိုအပ်ကြောင်း ထောက်ပြခဲ့ပါသည်။

အရီဇိုးနားပြည်နယ် ပြည်နယ်အတွင်းရာဇဝတ်မှုဆိုင်ရာရှေ့နေများကိုယ်စားပြုသော ရာဇဝတ်မှုဆိုင်ရာတရားမျှတမှုအတွက် အရီဇိုးနားရှေ့နေများကလည်း စိုးရိမ်ပူပန်မှုများမြင့်တက်ခဲ့ပါသည်။ အဆိုပါအစီအစဉ်သည် ရှေ့နေအသစ်များက ဝန်ဆောင်ခပိုမိုနည်းလာနိုင်သည့်အတွက် ခရိုင်အလိုက်ပေးဆောင်နိုင်သည့်နှုန်းထားများကို လျှော့ချနိုင်သည်ဟု အဖွဲ့မှ သတိပေးခဲ့သည်။ အသင်းအဖွဲ့နှင့် Brault နှစ်ခုစလုံးသည် ပရိုဂရမ်တွင်ပါဝင်သူများမှ ကိုင်တွယ်ဆောင်ရွက်သော အမှုအခင်းများ၏ ရလဒ်များကို ထိခိုက်စေနိုင်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်သည်ဟုလည်း အကြံပြုထားသည်။

ဝေဖန်မှုများကိုတုံ့ပြန်သည့်အနေဖြင့် Byers သည် MLS ဘွဲ့ရများသည် JD ဘွဲ့ရသူများထက် ပညာရပ်ဆိုင်ရာလေ့ကျင့်သင်ကြားမှုနည်းပါးလိမ့်မည်မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။ သုံးနှစ်တာဥပဒေဘွဲ့သည် ရာဇဝတ်ဥပဒေနှင့်စပ်ဆက်မှုမရှိသော ဘာသာရပ်များများစွာပါဝင်သော်လည်း MLS ပရိုဂရမ်တွင် ရာဇဝတ်မှုဆိုင်ရာဥပဒေနှင့်လက်တွေ့ကျင့်သုံးမှုကိုသာ အလေးပေးသောသင်တန်းတစ်ခုဖြစ်သည်ဟု ဆိုသည်။ Byers က ပညာရေးအရကြည့်လျှင် ဤဘွဲ့ကိုရရှိသူများသည် ရာဇဝတ်မှု

ဥပဒေနယ်ပယ်တွင် ပုံမှန် JD များထက် ပညာရေးဆိုင်ရာလေ့ကျင့်သင်ကြားမှုများကို ပိုမိုရရှိမည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုထားသည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

http://news:justia.com/arizona-considers-new-pathway-for-criminal-lawyers/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၈ )                ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်

## စင်ကာပူနိုင်ငံတွင် လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်ကျခံရန် ပြစ်ဒဏ်ချမှတ်ခံရသည့် အမျိုးသမီးအား အယူခံတရားရုံးက ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် လူသတ်မှုမမြောက်သည့် လူသေမှုဖြင့် ထောင်ဒဏ် (၁၇)နှစ်သို့ ပြောင်းလဲချမှတ်ခြင်း

စင်ကာပူနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ကိုင်သည့် ZMN ဆိုသူအမျိုးသမီးသည် နိုင်ငံခြားသား အလုပ်သမားတစ်ဦးဖြစ်ပြီး ၂၅-၆-၂၀၂၅ရက်နေ့က အိမ်ရှင်များ အပြင်သို့ရောက်ရှိနေချိန် နေအိမ်၌ အိမ်ရှင်၏ယောက္ခမဖြစ်သူအား မီးဖိုချောင်သုံးဓါးဖြင့် အချက်ပေါင်းများစွာ ထိုးသတ်ခဲ့သည့်အတွက် စင်ကာပူတရားရုံး (High Court) က အဆိုပါတရားခံအမျိုးသမီးအား Singapore Penal Code ၏ ပုဒ်မ ၃၀၂ အရ လူသတ်မှုဖြင့် ထောင်ဒဏ်တစ်သက်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။

တရားခံသည် မြန်မာနိုင်ငံမှစင်ကာပူနိုင်ငံသို့ ၅-၁-၂၀၁၈ ရက်နေ့တွင် စတင်ရောက်ရှိကာ အိမ်အကူအဖြစ်လုပ်ကိုင်သူဖြစ်ပြီး သူမ၏အသက်အား ၂၃ နှစ်ဟု မှားယွင်းစွာ ကြေညာခဲ့သော်လည်း တရားခံ၏ခန္ဓာကိုယ်အရိုးများစစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ချိန်၌ အသက် ၁၇နှစ် ပြည့်ခါနီး ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ စင်ကာပူနိုင်ငံ၏ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၁၄ အရ အသက် ၁၈နှစ် မပြည့်သေးသူအား သေဒဏ်ချမှတ်၍မရသဖြင့် Singapore Penal Code၏ ပုဒ်မ ၃၀၂ အရ သေဒဏ်အစား တရားခံအား ထောင်ဒဏ်တစ်သက်ကျခံရန် ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားခံသည် ၎င်းအပေါ် လူသတ်မှုဖြင့် စွဲချက်တင်ပြစ်ဒဏ်ချမှတ်ခဲ့သည့် စင်ကာပူတရားရုံး (High Court)၏ဆုံးဖြတ်ချက်အားကျေနပ်မှုမရှိသည့်အတွက် အယူခံတရားရုံး(Court of Appeal) သို့ အယူခံမှုတင်သွင်းခဲ့သည်။ တရားခံက အမှုမှသေဆုံးသူသည် ၎င်းအား ရုပ်ပိုင်းနှင့်နှုတ်ပိုင်းဆိုင်ရာ တို့ဖြင့် အနိုင်ကျင့်တတ်သူဖြစ်ကြောင်း၊ အခင်းဖြစ်ပွားသည့်နေ့က ထိုသို့အနိုင်ကျင့်မှုပြုလုပ်ခဲ့ပြီး တရားခံအား “မနက်ဖြန် အေးဂျင့်ဆီကိုပြန်”ဟုပြောခဲ့ကြောင်း၊ အေဂျင်စီသို့ပြန်လည်အပို့ခံရပါက မြန်မာနိုင်ငံသို့အကြွေးများဖြင့်ပြန်ရမည်ဖြစ်၍ တရားခံမှရုတ်တရက် အကြီးအကျယ် ဒေါသထွက်ကာ ဓါးဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်နေစဉ်အတွင်း ပုံမှန်မဟုတ်သည့်စိတ်ပိုင်းဆိုင်ရာအခြေ အနေခံစားခဲ့ရသည့်အတွက် Singapore Penal Code ၏ ပုဒ်မ ၃၀၀ ခြွင်းချက် ၇ အရ ရာဇဝတ်ပြစ်ဒဏ်

ထိုက်သည့် လူသတ်မှုမမြောက်သောလူသေမှုဖြစ်ကြောင်း ပြစ်ဒဏ်လျှော့ပေါ့ပေးရန် လျှောက်လဲတင်ပြခဲ့ပါသည်။

အမှုနှင့်စပ်လျဉ်း၍ စိတ်ကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံဆရာဝန်(၂)ဦးထံမှ တရားခံပြစ်မှုကျူးလွန်နေစဉ် အခြေအနေနှင့်စပ်လျဉ်းသည့် ကျွမ်းကျင်သူများအဖြစ် ထွက်ဆိုချက်များပြုလုပ်ခဲ့သည်။ ဒေါက်တာ Tan မှ ထင်မြင်ယူဆချက်ပေးရာ၌ တရားခံအနေဖြင့် ပြစ်မှုကျူးလွန်သည့်အချိန်တွင် စိတ်ဖိစီးခြင်းနှင့်စိတ်ကျခြင်းတို့ ရောထွေးနေသည့် စိတ်ပိုင်းဆိုင်ရာဝေဒနာခံစားနေရခြင်း၊ ၎င်း၏ပြုလုပ်မှုအား ထိန်းချုပ်နိုင်စွမ်းမရှိခြင်းတို့ကိုတွေ့ရှိရကြောင်းစသည်ဖြင့် ထွက်ဆိုခဲ့ပါသည်။ ဒေါက်တာ Lijo မှ ၎င်းအနေဖြင့် တရားခံနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်စဉ် စိတ်ပိုင်းဆိုင်ရာအခြေအနေစစ်ဆေးတွေ့ရှိချက်များအရ တရားခံသည် စိတ်ပိုင်းဆိုင်ရာအခြေအနေခံစားခဲ့ရခြင်းနှင့် အသိဉာဏ်ပိုင်းဆိုင်ရာချို့တဲ့မှုရှိခြင်းတို့မတွေ့ရှိရကြောင်း၊ ရူးသွပ်ဝေဒနာခံစားနေရသူမဟုတ်ကြောင်း ထွက်ဆိုခဲ့ပြီး ဒေါက်တာ Lijo ၏ထွက်ဆိုချက်ပေါ်အခြေခံ၍ တရားခံအားတရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

အယူခံတရားရုံး(Court of Appeal)မှ မူလရုံးတရားသူကြီးအနေဖြင့် တရားခံအပေါ် လူသတ်မှု၏ခြွင်းချက်ပုဒ်မ ၇ အရ လူသတ်မှုနှင့်စပ်လျဉ်းသည့် တာဝန်ရှိစေမှုအားလျှော့ကျစေသည့် ကာကွယ်ခုခံမှုအား ငြင်းပယ်စေခဲ့ခြင်း ရှိ မရှိ နှင့် တရားခံမှတင်ပြခဲ့ခြင်းမရှိသော်လည်း သေဆုံးသူ၏ပြုလုပ်မှုကြောင့် တရားခံအနေဖြင့်ရုတ်တရက် အကြီးအကျယ်ဒေါသထွက်စေခဲ့ခြင်းဆိုသည့်အချက် လူသတ်မှု၏ခြွင်းချက်ပုဒ်မ ၁ အား ထည့်သွင်းစဉ်းစားရန်ပျက်ကွက်ခြင်း ရှိ မရှိ တို့အပေါ် သုံးသပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

အယူခံတရားရုံးမှ ပြစ်မှုကျူးလွန်စဉ်က တရားခံအနေဖြင့် ရူးသွပ်ဝေဒနာခံစားနေရသူ မဟုတ်ကြောင်း၊ အသိဉာဏ်ပိုင်းဆိုင်ရာချို့တဲ့မှုရှိသည်ကို မတွေ့ရှိရကြောင်းသုံးသပ်၍ ခြွင်းချက်ပုဒ်မ ၇ အား ခံစားခွင့်မရှိကြောင်း မူလရုံးတရားသူကြီး၏ဆုံးဖြတ်ချက်အား ထောက်ခံခဲ့သည်။ သို့ရာတွင် အမှုစစ်ဆေးပေါ်ပေါက်ချက်များအရ ပြစ်မှုကျူးလွန်နေစဉ်အတွင်း သေဆုံးသူ၏ပြုမူပြောဆိုချက်များအရ တရားခံအနေဖြင့် အေဂျင်စီထံပြန်ပို့ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်မှုတို့သည် တရားခံအပေါ် ရုတ်တရက်

အကြီးအကျယ်ဒေါသထွက်စေအောင်လှုံ့ဆော်ခြင်းအားဖြစ်စေခဲ့ခြင်းဖြစ်၍ ခြွင်းချက် ပုဒ်မ ၁ အတွင်း ကျရောက်ကြောင်း သုံးသပ်ခဲ့ပါသည်။

တရားခံအပေါ်ပြစ်ဒဏ်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အယူခံတရားရုံးက သေဆုံးသူအပေါ် တရားခံ၏ ပြုလုပ်မှုများသည် ရက်စက်သည့်သဘောသဘာဝရှိပြီး လက်ခံနိုင်ဖွယ်ရာမရှိကြောင်း၊ သို့ရာတွင် တရားခံသည် အများပြည်သူ၏လုံခြုံမှုအပေါ် ဆက်လက် အန္တရာယ်ဖြစ်စေသည့်အခြေအနေတွေ့ရှိခြင်း မရှိကြောင်းစသည်ဖြင့်သုံးသပ်၍ Singapore Penal Code၏ ပုဒ်မ ၃၀၂ လူသတ်မှုအစား ရာဇဝတ် ပြစ်ဒဏ်ထိုက်သည့်လူသတ်မှုမမြောက်သောလူသေမှုအဖြစ် ထောင်ဒဏ် ၁၇ နှစ်ကျခံရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://sso.agc.gov.sg/act/pc1871?ProvIds=pr10-,pr300-,pr301-,pr302-,pr304-,pr304A-
- https://www.singaporelawwatch.sg/

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

